## မေးလေ့ရှိသောမေးခွန်းများ

### 1) အလိုအလျောက် သက်တမ်းတိုး ကြိုက်ရာခေါ် အစီအစဉ် ဆိုတာ ဘာလဲ။

အလိုအလျောက် သက်တမ်းတိုး ကြိုက်ရာခေါ် **အစီအစဉ်** ဆိုသည်မှာ သက်သာသောနှုန်းထားဖြင့် ပြည်တွင်းဖုန်းအားလုံးကို စိတ်ကြိုက်ခေါ်ဆိုနိုင်သော voice ပက်ကေ့ချ်များဖြစ်ပါသည်။ အလိုအလျောက် သက်တမ်းတိုးရန် အဆိုပြုဝယ်ယူထားပါက ပက်ကေ့ချ်၏ လက်ကျန် **ဖုန်းပြောမိနစ် ၅မိနစ် အောက်ရောက်ရှိသွားချိန် (သို့) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်** (11:35 PM ~ 12:00 AM) ဝန်းကျင်တွင် အလိုအလျောက်သက်တမ်းတိုး ဝယ်ယူမည်ဖြစ်ပါသည်။ ပက်ကေ့ချ်များကို ဝယ်ယူတိုင်းမှာ **ထိပေါက်ကစားခွင့်ရရှိမှာဖြစ်ပြီး 200GB အထိ ကံစမ်းရယူနိုင်မှာ ဖြစ်ပါတယ်။**

### 2) ဘယ်လိုအကျိုးကျေးဇူးတွေရနိုင်လဲ?

ဖုန်းပြောနိုင်မယ့်မိနစ်တွေအတွက်စိတ်ပူစရာမလိုဘဲအလိုအလျောက်သက်တမ်းတိုးကြိုက်ရာခေါ်ပက်ကေ့ချ်သည် လက်ကျန် **ဖုန်းပြောမိနစ် ၅မိနစ် အောက်ရောက်ရှိသွားချိန် (သို့) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်တွင်** အလို အလျောက်သက်တမ်းတိုး ဝယ်ယူမှာဖြစ်လို့ စဉ်ဆက်မပြတ်သုံးစွဲနိုင်မှာဖြစ်ပါတယ်။မည်သည့် ကြိုက်ရာခေါ် ပက်ကေ့ချ် ကိုမဆို ဝယ်ယူပါက ကြိုက်နှစ်သက်ရာ ပြည်တွင်းမှ မည်သည့်ဖုန်းလိုင်း ကိုမဆို (special / premium / call center / VAS related numbers မပါဝင်ပါ။) ခေါ်ဆိုနိုင်မှာဖြစ်ပြီး ပက်ကေ့ချ်များကို ဝယ်ယူတိုင်းမှာ **200GB အထိ ကံထူးနိုင်သည့် ထိပေါက်ကံစမ်းခွင့်ကိုရရှိမှာဖြစ်ပါတယ်**။ သက်တမ်းကုန်ဆုံးပြီး ၇ရက်အတွင်း ပက်ကေ့ချ် အသစ်ထပ်မံဝယ်ယူပါက မသုံးစွဲဘဲကျန်ရှိနေသော လက်ကျန် Voice minutes များကို အသစ်ဝယ်ယူထားသော ပက်ကေ့ချ်၏ မိနစ်ပမာဏများ နှင့်ပေါင်းပြီး**သက်တမ်းတိုးအသုံးပြု**နိုင်ပါသည်။

| ဈေးနှုန်း | မိနစ် များ | သက် တမ်း | ရယူနိုင်သည့်နည်းလမ်းများ | Auto Renew ပယ်ဖျက်ရန် နည်းလမ်းများ | လက်ကျန် စစ်ဆေးရန် |
|---|---|---|---|---|---|

| (ကုန်သွယ်ခွန် ပါဝင်ပြီး) | | | Direct USSD | Commo n USSD | အခြားနည်းလမ်းများ | Direc t USSD | Commo n USSD | |
|---|---|---|---|---|---|---|---|---|
| ၄၈၇ ကျပ် | ၂၀ မိနစ် | ၇ ရက် | *997*3*3# | | | *997*3*4# | | |
| ၉၇၇ ကျပ် | ၅၀ မိနစ် | ၁၅ ရက် | *997*1*3# | *997# | MPT4U App (or) MPT Pay (or) CRM Portall | *997*1*4# | *2122# | *224# |
| ၁၉၆၇ ကျပ် | ၁၀၀ မိနစ် | ၃၀ ရက် | *997*2*3# | | | *997*2*4# | | |

**3) အစီအစဉ်ကို မည်သူတွေ ဝယ်ယူအသုံးပြုနိုင်ပါသလဲ?**

MPT GSM/WCDMA prepaid/postpaid (ဆွေသဟာ နှင့် Base Tariff) အစီအစဉ် အသုံးပြုနေသူများအားလုံး ဝယ်ယူ အသုံးပြုနိုင်ပါသည်။ CDMA နှင့် လက်ရှိအသုံးပြုခြင်းမရှိသူများ ဝယ်ယူနိုင်မည်မဟုတ်ပါ။

**4) အစီအစဉ်ကို ရယူရန် မည်သို့လုပ်ဆောင်ရမည်နည်း?**

အလိုအလျောက် သက်တမ်းတိုးပက်ကေ့ချ် ကို *997# သို့ဖုန်းခေါ်ဆို၍လည်းကောင်း၊ MPT4U App (သို့) MPT Pay မှ လည်းကောင်း၊ MPT CRM Portal မှတဆင့် ဝယ်ယူနိုင်ပါသည်။ MPT4U Application မှ ဝယ်ယူမယ်ဆိုရင် **"အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်" page** မှတဆင့်ဝယ်ယူနိုင်သလို **"ပက်ကေ့ချ်ဝယ်ယူခြင်း" page** မှတဆင့် ဝင်ရောက်ကာ မိမိကြိုက်နှစ်သက်ရာ ပက်ကေ့ချ်အားရွေးချယ်ဝယ်ယူနိုင်ပါသည်။

အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ကို MPT4U တွင် ဝယ်ယူအသုံးပြုရန် iOS Version 1.4.10 နှင့် Android Version 4.4.1 ရှိရန်လိုအပ်ပါသည်။

5) **ပက်ကေ့ချ်စျေးနှုန်းများမှာ အခွန်ပါဝင်ပြီးဖြစ်ပါသလား?**

ပက်ကေ့ချ်စျေးနှုန်းများမှာ အခွန် ၅% ပါဝင်ပြီးဖြစ်ပါတယ်။

6) **လက်ကျန်ပမာဏကို ဘယ်လိုစစ်ဆေးနိုင်မှာလဲ?**

*224# သို့ဖုန်းခေါ်ဆို၍လည်းကောင်း(သို့) MPT4U App မှတဆင့် လည်းကောင်း စစ်ဆေးကြည့်နိုင်ပါသည်။

7) **ကြိုက်ရာခေါ် ပက်ကေ့ချ် များကို ဝယ်ယူပြီး ထိပေါက်အစီအစဉ်တွင် ပါဝင်ကံစမ်း နိုင်ပါသလား?**

ဟုတ်ကဲ့ ရပါတယ်။ ပက်ကေ့ချ်များကို ဝယ်ယူတိုင်းမှာ **ထိပေါက်ကစားခွင့်ရရှိမှာဖြစ်ပြီး 200GB အထိ ကံစမ်းရယူနိုင်မှာ ဖြစ်ပါတယ်။**

8) **မိနစ်သယ်ဆောင်နေသော ကာလအတွင်းမှာ အသုံးမပြုရသေးတဲ့ မိနစ်တွေက ဘယ်လို ဖြစ်သွားမှာလဲ?**

Carry Over Function ပါရှိပါတယ်။ Voice Minutes သယ်ဆောင်နိုင်သောကာလ (ပက်ကေ့ချ် ၏ သက်တမ်းကုန်ဆုံးပြီး ၇ ရက်) အတွင်း **ကြိုက်ရာခေါ်** ပက်ကေ့ချ်အသစ် ဝယ်ယူပါက အသုံးပြုရန် ကျန်ရှိနေသော ပက်ကေ့ချ် Voice Minutes ကို ပက်ကေ့ချ် အသစ်၏ သက်တမ်းအတိုင်း ပေါင်းစည်း အသုံးပြုနိုင် ပါသည်။

9) **အလိုအလျောက်သက်တမ်းတိုး ကြိုက်ရာခေါ် ကို အကြိမ်အရေအတွက် ဘယ်လောက်ထိ ဝယ်ယူနိုင်မှာလဲ?**

- အကြိမ်အရေအတွက်အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့်အပြင် အရှည်ဆုံး ပက်ကေချ့်သက်တမ်းအတိုင်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။
- ဖုန်းပြောမိနစ် **ပမာဏတူညီသော** Auto renewal packs များကို အကြိမ်အရေအတွက်အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့်အပြင် ပက်ကေချ့်သက်တမ်းကို အရှည်ဆုံး ပက်ကေ့ချ် ၏ သက်တမ်းအတိုင်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ပက်ကေ့ချ်၏ ဖုန်းပြောမိနစ် **၅မိနစ်** အောက် ရောက်ရှိသွားချိန် (သို့မဟုတ်**) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်**တွင် အဆိုပြုထားသည့် အတိုင်း အလို အလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

- **ပုံမှန်** ကြိုက်ရာခေါ်ပက်ကေ့ချ် ဝယ်ယူပြီး **အလိုအလျောက်သက်တမ်းတိုး** ကြိုက်ရာခေါ် ပက်ကေ့ချ်ထပ်မံ ဝယ်ယူသည်ဖြစ်စေ၊ **အလိုအလျောက်သက်တမ်းတိုး** ကြိုက်ရာခေါ်ပက်ကေ့ချ် ဝယ်ယူပြီး **ပုံမှန်** ကြိုက်ရာခေါ်ပက်ကေ့ချ် ထပ်မံဝယ်ယူသည်ဖြစ်စေ ပက်ကေ့ချ်များကို အကြိမ်အရေအတွက် အကန့်အသတ်မရှိ ဝယ်ယူနိုင်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့် အပြင် အရှည်ဆုံးပက်ကေ့ချ်၏ သက်တမ်းအတိုင်း အသုံးပြုနိုင်မည်။ ပက်ကေ့ချ်၏ ဖုန်းပြောမိနစ် **၅မိနစ်** အောက် ရောက်ရှိသွားချိန် (သို့မဟုတ်) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်တွင် အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

**10) 487 ကျပ်တန် အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ဝယ်ယူထားပါတယ်။ 997 ကျပ်တန် Regular ကြိုက်ရာခေါ်ပက်ကေ့ချ် ကို ထပ်မံဝယ်ယူလို့ရပါသလား?**

ရပါတယ်။ **အလိုအလျောက်သက်တမ်းတိုး** ပက်ကေ့ချ်ဝယ်ယူပြီး Regular **ကြိုက်ရာခေါ်** ပက်ကေ့ချ်များကို အကြိမ်အရေအတွက်အကန့်အသတ်မရှိထပ်မံဝယ်ယူနိုင်ပါတယ်။ ဝယ်ယူထားသော ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့်အပြင် အရှည်ဆုံးပက်ကေ့ချ်၏ သက်တမ်းအတိုင်း အသုံးပြုနိုင်ပါတယ်။ ပက်ကေ့ချ်၏ လက်ကျန်ပမာဏ **၅မိနစ်** အောက်ရောက်ရှိသွားချိန် (သို့မဟုတ်) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်တွင် အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

**11) 487 ကျပ်တန် အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ဝယ်ယူထားပါတယ်။ 487 ကျပ်တန် အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ကို ထပ်မံဝယ်ယူလို့ရပါသလား?**

ရပါတယ်။ ဖုန်းပြောမိနစ် ပမာဏ တူညီသော Auto renewal packs များကို အကြိမ်အရေအတွက်အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့်အပြင် ပက်ကေ်ချ့်သက်တမ်း ကို အရှည်ဆုံး ပက်ကေ့ချ်၏ သက်တမ်းအတိုင်း အသုံးပြုနိုင်ပါတယ်။ ပက်ကေ့ချ်၏ လက်ကျန်ပမာဏ **၅မိနစ်** အောက်ရောက်ရှိသွားချိန် (သို့မဟုတ်) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်တွင် အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

**12) မတူညီသော အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ်ကို ထပ်မံဝယ်ယူလို့ရပါသလား?**

လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား UNSUBSCRIBE ပြုလုပ်ရန် မလိုအပ်ပဲအခြားသော နှုန်းထားပိုမြင့်သည့် အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ်များကို ထပ်မံဝယ်ယူနိုင်ပြီး နှုန်းထားပိုနည်းသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား ထပ်မံဝယ်ယူရန် လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်ကို UNSUBSCRIBE လုပ်ပေးရန်လိုအပ်ပါသည်။

| **Auto Renew Kyite Yar Khaw Packs** | **487 Ks** | **977 Ks** | **1967 Ks** |
| --- | --- | --- | --- |
| **487 Ks** | Y | Y | Y |
| **977 Ks** | N | Y | Y |
| **1967 Ks** | N | N | Y |

Y: လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား UNSUBSCRIBE ပြုလုပ်ရန် မလိုအပ်ပဲ ထပ်မံဝယ်ယူနိုင်ပါသည်။

N: ထပ်မံဝယ်ယူရန် လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်ကို UNSUBSCRIBE လုပ်ပေးရန်လိုအပ်ပါသည်။

**13) လက်ကျန် balance ၅မိနစ် ထိမရောက်ရှိသေးသော်လည်း ပက်ကေ့ချ်သက်တမ်းကုန်ဆုံးသွားပါက ဘယ်လိုဖြစ်သွားမှာလဲ?**

လက်ကျန် **balance ၅မိနစ်** ထိမရောက်ရှိသေးသော်လည်း ပက်ကေ့ချ် သက်တမ်းကုန်ဆုံးသွားပါက အဆိုပြုထားသည့်အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူမည်ဖြစ်ပါသည်။

**14) အလိုအလျောက်ပက်ကေ့ချ်သက်တမ်းတိုးရာ၌ လက်ကျန်ငွေမလုံလောက်ပါက ဘယ်လိုဖြစ်သွားမှာလဲ?**

အလိုအလျောက်ပက်ကေ့ချ်သက်တမ်းတိုးဖို့ ငွေလက်ကျန်မလုံလောက်ပါက Auto renewal service သည် ခေတ္တရပ်တန့်သွားမှာဖြစ်ပြီး သုံးစွဲသူမှ ဖုန်းငွေဖြည့်ခြင်း/ ချေးငွေအသုံးပြုခြင်း/ ငွေလွှဲခြင်း နည်းလမ်းများဖြင့် ငွေထပ်မံဖြည့်သွင်းနိုင်သည်။ အဆိုပါ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ပက်ကေ့ချ်သက်တမ်းကုန်ဆုံးပြီး (၇ရက်)အတွင်း နောက်ဆုံးထား၍ ဖုန်းငွေထပ်မံဖြည့်သွင်းမှသာ ပက်ကေ့ချ်ကို ဆက်လက်အသုံးပြုနိုင်မည်။

**15) ဘယ်အချိန်မှာ Auto Renew Function လုံးဝရပ်တန့်သွားမှာလဲ?**

သုံးစွဲသူမှ ပက်ကေ့ချ် သက်တမ်းကုန်ဆုံးပြီးနောက် (၇) ရက်အတွင်း တိုင်အောင် ငွေထပ်မံဖြည့်သွင်းခြင်း မရှိပါက Auto Renew Function ကို ဆက်လက်အသုံးမပြုနိုင်ပါ။ အသုံးပြုသူမှ **Auto Renew** service ကို ပြန်လည်အသုံးပြုလိုပါကပက်ကေ့ချ်ကို ထပ်မံဝယ်ယူပြီးမှ အသုံးပြုနိုင်ပါသည်။

**16) လက်ကျန် ၅မိနစ် အောက် မရောက်ရှိခင် Autorenewal ပက်ကေ့ချ်ကို Unsubscribe လုပ်မိရင် လက်ကျန်မိနစ်များကို ဆက်လက်သုံးလို့ရမှာလား?**

ရပါတယ်။ ပက်ကေ့ချ်သက်တမ်းမကုန်ခင် Auto –renewal ပက်ကေ့ချ်ကို UNSUBSCRIBE (ရပ်တန့်) လိုက်ပါက ကျန်ရှိနေသော ဖုန်းပြောမိနစ်များ ကို ပက်ကေ့ချ်သက်တမ်းကုန်ဆုံးသည်အထိအသုံးပြုနိုင်ပါသည်။ သို့သော် Unsubscribe ပြုလုပ်သည်နှင့် Auto renewal function ကို အသုံးမပြုနိုင်တော့ပါ။

**17) အလိုအလျောက် သက်တမ်းတိုး ပက်ကေ့ချ် နှစ်ခု- Data Carry နှင့် ကြိုက်ရာခေါ် ကို ဝယ်ယူထားပါတယ်။ ဘယ်ပက်ကေ့ချ်က အရင်သက်တမ်းတိုးမှာလဲ?**

အလိုအလျောက် သက်တမ်းတိုး **Data Carry** နှင့် **ကြိုက်ရာခေါ်ပက်ကေ့ချ် များကို** ဝယ်ယူထားပြီး တူညီသောနေ့ရက်တွင် အလိုအလျောက်သက်တမ်းတိုးရမည်ဖြစ်ပါက လက်ကျန်ဖုန်းဘေလ် လုံလောက်စွာရှိနေမယ်ဆိုရင် ပက်ကေ့ချ် နှစ်ခုလုံးသည် တပြိုင်နက်တည်း သက်တမ်းတိုးမှာဖြစ်ပါသည်။ လက်ကျန် ဖုန်းဘေလ်သည် ပက်ကေ့ချ်တစ်ခုစာသာကျန်ရှိပါက ကျပန်းစနစ်ဖြင့်သာ သက်တမ်းတိုးမှာဖြစ်ပါသည်။ ဥပမာ။ ။ သုံးစွဲသူက ငွေ ၁၀၀၀ ကျပ် ဖြည့်မယ်ဆိုလျှင် ပက်ကေ့ချ်တစ်ခုကိုသာ သက်တမ်းတိုးနိုင်မှာဖြစ်သောကြောင့် ကျပန်းစနစ်အရ ၉၇၇ ကျပ် တန်အလိုအလျောက် **ကြိုက်ရာခေါ်** ပက်ကေ့ချ် (သို့မဟုတ်) ၉၉၇ကျပ် တန် **Data Carry** ပက်ကေ့ချ်တစ်ခုသာ အရင်သက်တမ်းတိုးမည်ဖြစ်သည်။

**18) ကြိုက်ရာခေါ်ပက်ကေ့ချ် ကို တခြားသူများသို့ လက်ဆောင်ပေးလို့ ရပါသလား?**

Autorenewal ပက်ကေ့ချ်များကို တခြားသူများသို့ **လက်ဆောင်ပေး၍မရပါ။**